ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး**

စတုတ္ထနေ့မှတ်တမ်း

**၁၃၇၈ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၇ ရက်**

**( ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၂၁ ရက် )**

**[တနင်္လာနေ့]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး စတုတ္ထနေ့အစီအစဉ်ကို ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း**

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေးရဲ့ စတုတ္ထနေ့ အစီအစဉ် စတင်ပါတော့မယ်ခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀း၀၀။**

**ဥက္ကဋ္ဌ။** ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး စတုတ္ထနေ့မှာ လွှတ်တော်အခွင့်အရေး ကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၁)ဦးရှိပြီး ဒီနေ့ အစည်းအဝေးကို (၁၉၉)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်းရဲ့ (၉၀.၀၅) ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထ မြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသား လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေးစတင် ကျင်းပကြောင်း ကြေညာ ပါတယ်။ (သြဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသား လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန် အစည်းအဝေးရဲ့ စတုတ္ထနေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင် ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ အဲဒီ အစီအစဉ်အတိုင်း ကျင်းပပါမယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ (က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော် ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၇။**

**ဦးမြမင်းဆွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး စတုတ္ထနေ့ ၂၁-၁၁-၂၀၁၆ ရက်နေ့တွင် အစည်းအဝေးသို့ တက်ရောက်

နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကိုယ်စား မကွေးတိုင်းဒေသကြီး၊ မဲဆန္ဒနယ် အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီ အဖွဲ့ဝင်ဖြစ်သူ ကျွန်တော် ဦးမြမင်းဆွေ က ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။

ယနေ့အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များမှာ ဦးခွန်သိန်းဖေ၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၊ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ရန်။ ဒေါက်တာသန်းဝင်း၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)၊ ကျန်းမာရေးဆိုင်ရာ တိုင်ပင်ဆွေးနွေးပွဲ တက်ရောက်ရန်။ ဦးရဲမြင့်စိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)၊ ဒေသဖွံ့ဖြိုးရေး။ ဦးအောင်သိန်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးချစ်ထွေး၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)၊ ကျန်းမာရေး။ ဦးတင်အောင်ထွန်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)၊ ကျန်းမာရေး။ ဦးကြည်ဝင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးယောနာ၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)၊ ဒေသဖွံ့ဖြိုးရေး။ ဒေါက်တာမိုးမြင့်အောင်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါ်ရှားမူ၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)၊ ပြည်နယ်အလုပ်အမှုဆောင်အစည်းအဝေး။ ဦးဇော်ဟိန်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဇော်မင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)၊ ကျန်းမာရေး။ ဒေါက်တာမြတ်ဉာဏစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)၊ ကျန်းမာရေးစစ်ဆေးရန်။ ဦးကျော်နိုင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါ်ကျိန်ငိုက်မန်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးသိမ်းဆွေ၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါ်မြတ်သီတာထွန်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဇော်မင်းလတ်(ခ)ဦးကိုလတ်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဝင်းကြိုင်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)၊ ပြည်ပခရီးစဉ်နှင့် ဦးဘမျိုးသိန်း၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)၊ အလုပ်ရုံဆွေးနွေးပွဲ တက်ရောက်ရန်တို့ပဲ ဖြစ်ပါတယ်။

ယခင်ကခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ(၂)ဦးနှင့် ယနေ့ ခွင့်ပန်ကြားသူ(၂၀)ဦးဖြစ်ပြီး စုစုပေါင်း ခွင့်ပန်ကြားသူ(၂၂)ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကို လွှတ်တော်က ခွင့်အဖြစ် သတ်မှတ်ခွင့်ပြုပေးနိုင်ပါရန် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးအား ရိုသေလေးစားစွာဖြင့် တင်ပြအပ်ပါတယ် ခင်ဗျား။

**အချိန်၊ ၁၀း၂၄။**

**ဥက္ကဋ္ဌ။** ။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်းကြေညာပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၂၄။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန် အစည်းအဝေး စတုတ္ထနေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ (၂၂၁)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၂)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၂၀)ဦးဖြစ်၍၊ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ (၂၂)ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဂ)အရ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ဖြေကြားခြင်း

**အချိန်၊ ၁၀း၂၆။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ်ခြောက်ဦး မေးမြန်းမယ့် မေးခွန်းများဟာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး တစ်ဦးတည်းက ဖြေကြားမည့် မေးခွန်းများဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ပြည်ထောင်စုဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ရခိုင်ပြည်နယ်၊ ပေါက်တောမြို့နယ်၊ သရက်ချောင်းကျေးရွာအတွင်းရှိ သရက်ချောင်း ဖွံ့ဖြိုးရေး ရေငန်တား တာတမံအား ဆည်ဖို့ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၆။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးတက်ထွန်းအောင်က ရခိုင်ပြည်နယ်၊ ပေါက်တောမြို့နယ်၊ သရက်ချောင်းကျေးရွာအတွင်းရှိ သရက်ချောင်းဖွံ့ဖြိုးရေး ရေငန်တား တာတမံအား ဆည်ဖို့ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၇။**

**ဦးတက်ထွန်းအောင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက် ဂါရဝပြုပါတယ်။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးတက်ထွန်းအောင် ဖြစ်ပါတယ်ခင်ဗျား။ ကျွန်တော် မေးမြန်းရမယ့် မေးခွန်းကတော့ ကျွန်တော်တို့ ရခိုင်ပြည်နယ်ရဲ့ အဓိကလိုအပ်ချက်ဖြစ်တဲ့ လယ်ယာစိုက်ပျိုးရေးနဲ့ပတ်သက်တဲ့ မေးခွန်းပဲ ဖြစ်ပါတယ်ခင်ဗျား။

ဒီမေးခွန်းနဲ့ပတ်သက်လို့ တင်ပြရမယ်ဆိုရင် သရက်ချောင်းကျေးရွာဟာ ပေါက်တော မြို့နယ်၏ တောင်ဘက်ခြမ်း၌ တည်ရှိပြီး အရှေ့ဖရုံကာကျွန်းနှင့် ဟင်တာပင်လယ်ကြားတွင် တည်ရှိနေခြင်း ဖြစ်ပါတယ်။ သရက်ချောင်းကျေးရွာဟာ ပေါက်တောမြို့နယ်၏ အဆင်းရဲဆုံးသော ကျေးရွာတစ်ရွာ လည်းဖြစ်ပြီး လယ်ယာမြေ ဧရိယာများမှာလည်း အလွန်နည်းပါးတဲ့ ဒေသတစ်ခုဖြစ်ပါတယ်။ ၎င်းကျေးရွာများဟာ နွေရာသီတွင် မြေအိုးလုပ်ငန်းဖြင့် တချို့ကျပန်း လက်လုပ်လက်စားများမှာလည်း အသာကျွန်းကို မှီခိုပြီး တံငါလုပ်ငန်းကို လုပ်ကိုင်လျက်ရှိနေကြပါတယ်။

သရက်ချောင်းကျေးရွာ၏ ဖွံ့ဖြိုးရေး ရေငန်တားတာတမံကို ၁၉၉၁-၁၉၉၂ ခုနှစ်က နိုင်ငံတော်အစိုးရမှ ပံ့ပိုးကူညီသော ထည့်ဝင်ငွေ(၃၅၀၀၀)ကျပ်နှင့် သရက်ချောင်းကျေးရွာသားများမှ ထည့်ဝင်ငွေ(၈၈၄၅)ကျပ်နှင့် ဆည်ဖို့ပေးခဲ့ပါတယ်။ ဆည်ဖို့ပြီး ပေါ်ထွန်းလာတဲ့ လယ်မြေဧရိယာ (၁၀၂)ဧကကို သရက်ချောင်းကျေးရွာသားများ ထွန်ယက်စိုက်ပျိုးလာကြပါတယ်။ ယခုအခါ သရက်ချောင်း ကျေးရွာ တောင်သူလယ်သမားများသည် ၂၀၁၀ ခုနှစ်၊ ဂီရိမုန်တိုင်းတိုက်ခိုက်မှုကြောင့် ၎င်းတာတမံမှာ ပျက်စီးသွားခဲ့ရပါတယ်။ တောင်သူလယ်သမားများမှာ မိမိတို့လုပ်အားဖြင့် ဆည်ဖို့ရန်မှာလည်း လွန်စွာ အခက်အခဲရှိနေကြပါတယ်။ သရက်ချောင်းကျေးရွာရှိ တောင်သူလယ်သမားများမှာ ၂၀၁၀ ခုနှစ်မှ ၂၀၁၆ ခုနှစ်အထိ (၆)နှစ်တိုင်တိုင် ထွန်ယက်စိုက်ပျိုးခြင်း မပြုနိုင်သေးတာကို တွေ့ရပါတယ်။

သို့အတွက်ကြောင့် ပြည်ထောင်စုအစိုးရမှ သရက်ချောင်းကျေးရွာရှိ တောင်သူလယ်သမား များကို ၂၀၁၇ ခုနှစ်၊ မိုးရာသီတွင် ဆက်လက်ထွန်ယက်စိုက်ပျိုးနိုင်ရန် ၎င်းဖွံ့ဖြိုးရေးတာတမံအား အရေးပေါ်ဆည်ဖို့ပေးပါရန် လိုအပ်နေပါသဖြင့် သရက်ချောင်းကျေးရွာအတွင်းရှိ သရက်ချောင်းရွာသား တောင်သူလယ်သမားများ ထွန်ယက်စိုက်ပျိုးနေသည့် သရက်ချောင်းဖွံ့ဖြိုးရေး တာတမံအား

ပြည်ထောင်စုအစိုးရမှ ဆည်ဖို့ပေးရန် အစီအစဉ် ရှိ/မရှိ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူမြို့နယ် အတွင်းရှိ သွားလာရန်ခက်ခဲသော အင်းလယ်ကြီး - ကိုင်းရိုး - ဇီးဖြူကုန်း - ပုပ္ပားလမ်း (၁၃)မိုင်ကို ရာသီမရွေး သွားလာနိုင်သော ကျောက်ချောလမ်းအဖြစ် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ထည့်သွင်းဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၉။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဝင်းအောင်က စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူမြို့နယ် အတွင်းရှိ သွားလာရန်ခက်ခဲသော အင်းလယ်ကြီး - ကိုင်းရိုး - ဇီးဖြူကုန်း - ပုပ္ပားလမ်း (၁၃)မိုင်ကို ရာသီမရွေး သွားလာနိုင်သော ကျောက်ချောလမ်းအဖြစ် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ထည့်သွင်းဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၀။**

**ဦးဝင်းအောင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)။** ။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်ပါတယ်။ ကျွန်တော်က စစ်ကိုင်းတိုင်းဒေသကြီး အမှတ်(၃)မဲဆန္ဒနယ်မြေ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းအောင် ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ရဲ့ မဲဆန္ဒနယ်မြေ၊ လေးမြို့နယ်အတွင်းမှာရှိတဲ့ ကန့်ဘလူမြို့နယ်ဟာ စစ်ကိုင်းတိုင်းအတွင်းမှာ ဒုတိယအကျယ်ပြန့်ဆုံးမြို့နယ်ဖြစ်ပြီးတော့ လူဦးရေ(၃)သိန်းခွဲကျော် ရှိပါတယ်။ ကျေးရွာအုပ်စုပေါင်း(၉၆)အုပ်စု၊ ကျေးရွာပေါင်း(၃၀၀)ကျော်ရှိပြီးတော့ လမ်းပန်းဆက်သွယ်ရေး အလွန်ခက်ခဲပါတယ်။ ဖော်ပြပါ ကိုင်းရိုး- အင်းလယ်ကြီး- ပုပ္ပါး- ဇီးဖြူကုန်း- သရက္ကုံကြီး အစရှိတဲ့ ကျေးရွာအုပ်စုများဟာ ဒီလမ်းတစ်ခုတည်းကိုပဲအားကိုးနေရပါတယ်။ မဟာနန္ဒကန် တူးမြောင်းလမ်းဟာ မိုးရာသီအစရှိတဲ့ ရာသီတွေမှာ သွားလာလို့ မလွယ်ပါဘူး။ ကလေးသူငယ်များရဲ့ ပညာရေး၊ လူထုရဲ့ အရေးပေါ် ကျန်းမာရေးကိစ္စများနဲ့ လယ်ယာထုတ်ကုန်များကို ဆောင်ရွက်နိုင်ဖို့အတွက်ဆိုရင် ဒီလမ်းကို ပြုပြင်ပေးနိုင်မှသာလျှင် ကောင်းမွန်မှာ ဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဇီးဖြူကုန်း -အင်းလယ်ကြီး - ပုပ္ပား ဒီလမ်း (၁၃)မိုင်ကို ရာသီမရွေးသွားလာနိုင်တဲ့ ကျောက်ချောလမ်းအဖြစ် ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ ထည့်သွင်းဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ မွေးမြူရေးနှင့် စိုက်ပျိုးရေးဆည်မြောင်းဝန်ကြီးဌာနကို လေးစားစွာဖြင့် မေးမြန်းရခြင်းဖြစ်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့နယ်၊ အမှတ်(၇)တိုက်နယ် ရတနအုပ်စုရှိ ကျေးရွာချင်းဆက် မြေသား လမ်းအား ကျောက်ချောလမ်းခင်းပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၃၁။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးကျော်သန်း က ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့နယ်၊ အမှတ်(၇)တိုက်နယ် ရတနအုပ်စုရှိ ကျေးရွာချင်းဆက် မြေသား လမ်းအား ကျောက်ချောလမ်းခင်းပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါ တယ်။

**အချိန်၊ ၁၀း၃၂။**

**ဦးကျော်သန်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)။** ။ လေးစားရပါသော အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များနဲ့ ဧည့်သည်တော်များ အားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၀)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်သန်း ဖြစ်ပါတယ်။ ဒီကနေ့ ကျွန်တော် မေးမြန်းမယ့် မေးခွန်းကတော့ ကျောက်ဖြူမြို့နယ်၊ ရတနအုပ်စုရှိ လောင်းခုတ်တောင်၊ အရှေ့မျှားတိန်၊ အနောက်မျှားတိန်၊ မြုံးပြင်နဲ့ ခြုံဆွယ်ကျေးရွာချင်းဆက် မြေသားလမ်းအား ပြည်ထောင်စုဘဏ္ဍာငွေဖြင့် ကျောက်ချောလမ်းအဖြစ်ခင်းပေးရန် အစီအစဥ် ရှိ/မရှိနှင့် ပတ်သက်၍ မေးမြန်းသွားဖို့ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျောက်ဖြူမြို့နယ်၊ အမှတ်(၇)တိုက်နယ် ရတနအုပ်စုအတွင်း ကျေးရွာ ပေါင်း(၆)ရွာရှိပြီး၊ ရွာချင်းဆက်လမ်းမိုင်အရှည်မှာ (၇)မိုင်ခန့်ဖြစ်ပါတယ်။ ၂၀၁၅ ခုနှစ်တွင် မြေသား လမ်းကို ရွာသူ၊ ရွာသားများ စိုက်ထုတ်ငွေ သိန်း(၁၀၀)ကျော်ဖြင့် ဖောက်လုပ်နိုင်ခဲ့ပါတယ်။ အဓိက ရည်ရွယ်ချက်မှာ လောင်းခုတ်တောင်ကျေးရွာရှိ အ.ထ.က(ခွဲ)တွင် အဆိုပါရွာများမှ ကျောင်းသား၊ ကျောင်းသူများ ရာသီမရွေး ကိုယ့်အိမ်မှနေ၍ ကျောင်းတက်နိုင်ရန်နဲ့ တခြား လူမှုဘဝဖွံ့ဖြိုးတိုးတက် ရန် ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျောက်ဖြူမြို့နယ်၊ အမှတ်(၇)တိုက်နယ်သည် ဖွံ့ဖြိုးမှုအနိမ့်ဆုံးဒေသ တစ်ခုလည်းဖြစ်ပြီး လမ်းပန်းဆက်သွယ်ရေး အင်မတန်မှ ခက်ခဲပါတယ်။ ကျောင်းနေအရွယ် ကလေး သူငယ်များ စာသင်နိုင်ဖို့အခွင့်အလမ်း နည်းပါးနေခြင်းဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ရတနအုပ်စုရှိ ကျေးရွာချင်းဆက်မြေသားလမ်းအား ကျောက်ချောလမ်းအဖြစ် နိုင်ငံတော်ဘဏ္ဍာငွေဖြင့် ခင်းပေးရန် အစီအစဥ် ရှိ/မရှိ ရှိပါက မည်သည့်ခုနှစ်တွင် ခင်းပေးမည်ကို သိရှိလိုပါကြောင်း မဲဆန္ဒရှင်များ၏ ကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာဖြင့် မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**မွန်ပြည်နယ်၊ ကျိုက်မရောမြို့နယ်အတွင်းရှိ လုံးဝပျက်စီးနေပြီဖြစ်သော လက်ပန်ရွာအဝင် ကျေးလက်လမ်းအား ပြုပြင်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၃၄။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးခင်ဇော်ဦး က မွန်ပြည်နယ်၊ ကျိုက်မရောမြို့နယ်အတွင်းရှိ လုံးဝပျက်စီးနေပြီဖြစ်သော လက်ပန်ရွာအဝင် ကျေးလက်လမ်းအား ပြုပြင်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၄။**

**ဦးခင်ဇော်ဦး၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များနဲ့ ဧည့်သည်တော်များ မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ကျိုက်မရောမြို့နယ်ကိုယ်စားပြု အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်ဇော်ဦး ဖြစ်ပါတယ် ခင်ဗျား။ ကျွန်တော်မေးလိုတဲ့ မေးခွန်းက ကျိုက်မရောမြို့နယ် လက်ပန်ရွာအဝင်လမ်းနဲ့ တံတား တစ်စင်းမှာ လုံးဝပျက်စီးနေပြီး ဒေသခံပြည်သူများ သွားလာရေးခက်ခဲနေမှုကို အခြေခံ၍ မေးမြန်း သွားမှာ ဖြစ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျိုက်မရောမြို့နယ်၊ လက်ပန်ကျေးရွာသည် မော်လမြိုင် - ဇာသပြင် အဝေးပြေးလမ်း၏ အတွင်းဘက် (၁)မိုင်(၂)ဖာလုံကွာဝေးသော နေရာတွင် တည်ရှိပါသည်။ ပျက်စီး နေသောလမ်းအား ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုလွှတ်တော် ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ကျပ်သိန်း(၅၀)အသုံးပြုပြီး၊ အရှည်(၄၀၀)ပေ၊ အကျယ်(၉)ပေ၊ အထူ(၆)လက်မ ကွန်ကရစ်လမ်းခင်းခဲ့ ပါတယ်။ ထို့နောက် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ပြည်နယ်အစိုးရရန်ပုံငွေ (ဆင်းရဲနွမ်းပါးမှုလျော့ ချရေးနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေ) ကျပ်သိန်း(၁၀၀)ဖြင့် အရှည်(၈၅၀)ပေ၊ အကျယ်(၉)ပေ၊ အထူ(၆)လက်မကို ကွန်ကရစ်လမ်းခင်း ဆောင်ရွက်ခဲ့ပါတယ်။

သို့ဖြစ်ပါ၍ ကွန်ကရစ်လမ်းခင်းပြီးအရှည်မှာ (၁၂၅၀)ပေဖြစ်ပြီး ကျန်ရှိနေသော လမ်း အရှည်(၁)မိုင်နှင့် တံတားတစ်စင်း၊ မြေထိန်းနံရံများကို လိုအပ်လျက်ရှိနေပြီး ထိုလမ်းအား အသုံးပြု နေကြသည့် ကျေးရွာ(၃)ခုဖြစ်သော လက်ပန်၊ လက်ပန်ရွာသစ်၊ အလန်းကျွန်းကျေးရွာမှ ဒေသခံ ပြည်သူ(၃၀၀၀)ကျော်တို့အတွက် ပညာရေး၊ ကျန်းမာရေးနှင့် ဒေသထွက်ကုန်များ တင်ပို့ရန် အခက် အခဲရှိနေပါကြောင်း ဒေသခံပြည်သူများမှ တင်ပြလာပါတယ်ခင်ဗျား။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ ထို့အတွက်ကြောင့် လက်ပန်ရွာအဝင်လမ်းတံတားနှင့် မြေထိန်းနံရံများအား ပြုပြင်ပေးနိုင် ပါရန် အစီအစဉ် ရှိ/မရှိနှင့် ရှိပါက မည်သည့်ဘဏ္ဍာနှစ်တွင် စတင်ဆောင်ရွက်ပေးမည်ကို သိရှိလို ကြောင်း အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ် ခင်ဗျား။ (သြဘာသံများ)

**မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ် အတွင်းရှိ ကျေးရွာနေပြည်သူများ ရာသီမရွေး သောက်သုံးရေ ပြတ်လပ်မှု မရှိစေရေးအတွက် ဧရာဝတီမြစ်ရေတင်အား အလှည့်ကျစနစ်ဖြင့် ဖြန့်ဝေပေးရန် အစီအစဉ် ရှိ/မရှိ နှင့် ရေပိုက်လိုင်း လက်လှမ်းမီရာ ကျေးရွာများသို့ ပိုက်လိုင်းသွယ်တန်း တိုးချဲ့ပေးရန် အစီအစဉ် ရှိ/မရှိတို့နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၃၆။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးကျော်တုတ်က မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ် အတွင်းရှိ ကျေးရွာနေပြည်သူများ ရာသီမရွေး သောက်သုံးရေ ပြတ်လပ်မှု မရှိစေရေးအတွက် ဧရာဝတီမြစ်ရေတင်အား အလှည့်ကျစနစ်ဖြင့် ဖြန့်ဝေပေးရန် အစီအစဉ် ရှိ/မရှိ နှင့် ရေပိုက်လိုင်း လက်လှမ်းမီရာ ကျေးရွာများသို့ ပိုက်လိုင်း သွယ်တန်း တိုးချဲ့ပေးရန် အစီအစဉ် ရှိ/မရှိတို့နဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၆။**

**ဦးကျော်တုတ်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များအားလုံး ကိုယ်စိတ် ကျန်းမာချမ်းသာကြပါစေလို့ ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးကျော်တုတ် ဖြစ်ပါတယ်။ ညောင်ဦးမြို့နယ်အတွင်းရှိ ကျေးရွာနေပြည်သူများ ရာသီမရွေး သောက်သုံးရေ ပြတ်လပ်မှု မရှိစေရေး အတွက် ဧရာဝတီမြစ်ရေအား အလှည့်ကျစနစ်ဖြင့် ဖြန့်ဝေပေးရန် ကျေးရွာများ တိုးချဲ့ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်း မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပုဂံ-ညောင်ဦးမြို့နယ်သည် အပူပိုင်းမိုးခေါင် ရေရှားရပ်ဝန်းဒေသမှာ ပါဝင်ပါတယ်။ ကျေးရွာနေပြည်သူများ သောက်သုံးရေအတွက် ဧရာဝတီမြစ် ရေပေးရေးလုပ်ငန်းကို ၁၉၅၆ ခုနှစ်မှာ ဒီဇယ်အင်ဂျင်စက်များဖြင့် ကျေးရွာပေါင်း(၃၄)ရွာ ပေးဝေခဲ့ပါတယ်။ နှစ်ပေါင်း(၂၅)နှစ်ကြာ ပေးပြီးနောက် Unicef နှင့် ဩစတြေးလျဖွံ့ဖြိုးမှုအကူအညီဖြင့် စက်စက်ယိုရေပေးခြင်းလိုင်းတိုးချဲ့ကာ ၁၉၈၁ ခုနှစ်မှာ ကျေးရွာပေါင်း(၉၈)ရွာအထိ တိုးချဲ့ပေးဝေခဲ့ပါတယ်။ ဒီဇယ်စက်မောင်းစနစ်မှ လျှပ်စစ်ဓာတ်အားလိုင်းစနစ်သို့ ပြောင်းကာ အဆင့်မြင့် ပေးစနစ်ဖြင့် တိုးချဲ့ပေးနိုင်ခဲ့ပါတယ်။ ရေပဒေသာစီမံကိန်းဟု အမည်တွင်ခဲ့ပါတယ်။ ညောင်ဦးမြို့ နတ်သမီးကမ်းပါး ပင်မရေတင်စက်ရုံမှ ငှက်ပစ်တောင်ရေလှောင်ကန်ထိ ရေတင်ပြီး ၎င်းမှတစ်ဆင့် စက်စက်ယိုရေပေး ရေးလိုင်းသို့ ရေတင်စက်ရုံ(၇)ရုံဖြင့် ပိုက်လိုင်းအရှည်(၃၆)မိုင်၊ ကျေးရွာပေါင်း(၅၉)ရွာသို့ လည်းကောင်း၊ တောင်ဇင်းရေပေးရေးလိုင်းသို့ ရေတင်စက်ရုံ(၅)ရုံဖြင့် ပိုက်လိုင်းအရှည်(၂၃)မိုင်၊ ကျေးရွာပေါင်း(၃၉) ရွာသို့လည်းကောင်း ရေပေးဝေခဲ့ပါတယ်။ ဦးစီးဌာန(၅)ခု လွှဲပြောင်းတာဝန်ယူကာ ၂၀၀၆ ခုနှစ်အထိ အခမဲ့ ရေပေးဝေခဲ့သော်လည်း ရေဖြန့်ဝေမှု စနစ်တကျဖြစ်ရေး၊ ကျေးရွာများ ရေရရှိမှုမျှတရေး၊ ရေ အလေအလွင့်ဆုံးရှုံးမှုနည်းပါးစေရေး၊ စည်းကမ်းနှင့်အညီ ရေသုံးစွဲနိုင်ရေး၊ ပြင်ဆင်ထိန်းသိမ်းခြင်း လုပ်ငန်းများ ပိုမိုထိရောက်စွာဆောင်ရွက်နိုင်ရေး၊ ဝင်ငွေနှင့် အသုံးစရိတ်မျှတစေရေးအတွက် ၂၀၀၇ ခုနှစ်၊ ဘဏ္ဍာရေးနှစ်မှစတင်၍ ရေမီတာတပ်ဆင်ကာ တစ်ယူနစ်လျှင် (၁၅၀)ကျပ်နှုန်းဖြင့် ကောက်ခံ

ဆောင်ရွက်ခဲ့ပါတယ်။ ယခုအခါမှာ ရေပုံမှန်ပေးဝေခြင်း မရှိတော့ပါဟု ဒေသခံပြည်သူများ ကိုယ်စား ကိုယ်တိုင်ကွင်းဆင်းကြားသိခဲ့ရပါတယ်။

သို့ဖြစ်ပါ၍ ဧရာဝတီမြစ်ရေကို အလှည့်ကျစနစ်ဖြင့် အချိန်ဇယားတိကျစွာ ပုံမှန်ဖြန့်ဝေရန် အစီအမံနှင့် လက်လှမ်းမီရာ ရေရှားပါးကျေးရွာများ ထပ်မံတိုးချဲ့ပေးရန် အစီအမံ မည်သို့ရှိသည်ကို သိရှိလိုပါ၍ ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဒေသခံပြည်သူများကိုယ်စား မေးမြန်းခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူး တင်ပါတယ်။ (သြဘာသံများ)

**မြန်မာ့ပင်လယ်ပြင်၌ ခိုးဝင်၍ ငါးဖမ်းဆီးခြင်း၊ ငါးဝယ်ယူခြင်းတို့ကို လုပ်ဆောင်နေသော ဘင်္ဂလားဒေ့ရှ် စက်လှေများကို တားဆီးပေးရန် အစီအစဉ် ရှိ/မရှိနှင့် လွန်ခဲ့သော အနှစ်(၂၀)အတွင်း ဆုံးရှုံးခဲ့ရသော ရခိုင်တိုင်းရင်းသားတို့၏ တစ်ပိုင်တစ်နိုင် ရေလုပ်ငန်း ပြန်လည်ဖွံ့ဖြိုးရေးကို ကူညီထူထောင်ပေးရန် အစီအစဉ် ရှိ/မရှိတို့နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၃၉။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးခင်မောင်လတ် က မြန်မာ့ပင်လယ်ပြင်၌ ခိုးဝင်၍ ငါးဖမ်းဆီးခြင်း၊ ငါးဝယ်ယူခြင်းတို့ကို လုပ်ဆောင်နေသော ဘင်္ဂလားဒေ့ရှ် စက်လှေများကို တားဆီးပေးရန် အစီအစဉ် ရှိ/မရှိနှင့် လွန်ခဲ့သော အနှစ်(၂၀) အတွင်း ဆုံးရှုံးခဲ့ရသော ရခိုင်တိုင်းရင်းသားတို့၏ တစ်ပိုင်တစ်နိုင် ရေလုပ်ငန်း ပြန်လည်ဖွံ့ဖြိုးရေးကို ကူညီထူထောင်ပေးရန် အစီအစဉ် ရှိ/မရှိတို့နဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၀။**

**ဦးခင်မောင်လတ်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)**။ ။ အားလုံးကို လေးစား ဂါရဝပြုပါတယ်။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ စစ်တွေမြို့မှ မောင်တော မြို့အထိ ပင်လယ်ကမ်းခြေတစ်လျှောက်ရေပြင်ဟာ မိုင်(၆၀) ရှည်လျားပါတယ်။ ဒီထဲက မိုင်(၄၀)ကို ဘင်္ဂလားဒေ့ရှ် ငါးခိုးလှေတွေက ဝင်ရောက်စိုးမိုးပြီးတော့ ငါးခိုးတွေ၊ ငါးဝယ်တွေ လုပ်နေကြပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point နှင့်တင်ပြခွင့်ပြုပါခင်ဗျား။ စစ်တွေမြို့နဲ့သိပ်မဝေးပါဘူး။ ရပါပြီခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ ငါးခိုးစက်လှေတစ်စီးမှာ လူ(၁၀)ကျော်လောက် လိုက်ပါလာပါတယ်။ ညပိုင်း မြန်မာ့ပင်လယ်ပြင်အထိဝင်ပြီးတော့ မနက်ပိုင်းမှာ ပြန်လည်ထွက်ခွာသွားပါတယ်။ မြန်မာ့ ရေပြင်အတွင်းမှ အာဏာပိုင်များမသိဘဲ အခုလို မဝင်ရောက်နိုင်ပါဘူး။ သူတို့ငါးခိုး၊ ငါးဝယ်တာကို ဒေသခံအားလုံးက တွေ့မြင်နေရပါတယ်။ စက်လှေတစ်စီးလျှင် တစ်လ(၅)သောင်းပေး ပြီး ဝင်နေတာ ဖြစ်ပါတယ်။ စိုးရိမ်စရာကောင်းတာက ဒီငါးခိုးလှေတွေဟာ ပြည်တွင်း ဘင်္ဂလီတွေနဲ့ ချိတ်ဆက်ပြီးတော့ လုပ်နေတာဖြစ်ပါတယ်။ ရွာတိုင်းမှာ မလေး၊ ပါကစ္စတန်၊ ဘင်္ဂလားဒေ့ရှ်ပြန်တွေက ပြန်ပြီးတော့ နေကြ ပါတယ်။ အကြမ်းဖက်နဲ့ ဆက်သွယ်လာတယ်ဆိုတာ ဘယ်သူမှမသိပါဘူး။ အခုတော့ ပြဿနာဖြစ်လို့ နည်းနည်းသိသွားကြပါပြီ။ ဒီမေးခွန်းကို ပြီးခဲ့တဲ့ လွှတ်တော်ကတည်းက ကျွန်တော် တင်ထားခဲ့တာ ဖြစ်ပါတယ်။ နိုင်ငံခြားပြန်တစ်ဦး ငွေ(၁၀)သိန်း (၁၅)သိန်းပေးလိုက်လို့ရှိရင် ကိုယ့်ရွာမှာ ကိုယ် ပြန်ပြီး တော့ နေလို့ရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်တွင်း ဘင်္ဂလီလှေတွေ ကိစ္စရပ်တွေ ရှိပါသေးတယ်။ ဘင်္ဂလီ ငါးဖမ်းလှေတွေ စက်တပ်၊ စက်မတပ် အစီးရေ(၆၀၀)လောက်ရှိပါတယ်။ ဒေသခံ တိုင်းရင်းသားတွေမှာတော့ တစ်စီးမှမရှိပါဘူး။ ဒီလိုပြည်တွင်း ဘင်္ဂလီငါးဖမ်းလှေတွေ လွှမ်းမိုးနေတာက အချက်ကြီး (၃)ခုကြောင့်ပါ။ တစ်ဖက်နိုင်ငံက ငွေကြေးထောက်ပံ့တာတစ်ခုရှိပါတယ်။ နောက် နိုင်ငံတကာ (INGO) တွေက ပြောင် ထောက်ပံ့ပါတယ်။ နောက် သူတို့ လူအင်အား သာလွန်ပါတယ်။ အဲဒီအချက် (၃)ချက်ကြောင့် သူတို့ ဒီ(၃)နှစ်အတွင်းမှာ အစီးရေ (၃)ဆလောက် တိုးလာပါတယ်။ ယခင်က ပင်လယ်ကမ်းခြေတစ်လျှောက်မှာ ရခိုင်ငါးဖမ်းလှေတွေနဲ့ တံငါရွာတွေရှိခဲ့ပါတယ်။ ပြည်တွင်း၊ ပြည်ပ ပေါင်းပြီးတော့ ပိုက်တွေကို ဖျက်တယ်၊ လုတယ်၊ ခြိမ်းခြောက်တယ်။ နှောင့်ယှက်တာတွေ လုပ်တော့ ပင်လယ်ထဲကို ရခိုင်တိုင်းရင်းသားတွေ ထွက်လို့မရတော့ဘူး ဖြစ်လာပါတယ်။ ဒီလိုနဲ့ပဲ အနှစ်(၂၀) အတွင်းမှာ ကမ်းခြေမှာပဲ ရခိုင်တံငါအိမ်တွေ ရာဂဏန်းရှိရာက အခု သုံးလေးဆယ်ပဲ ရှိပါတယ်။ လူဦးရေ သုံးလေးသောင်း လုပ်စားနေတာက အခုဆယ်ဂဏန်းပဲ ကျန်ရှိနေပါတော့တယ်။ ကမ်းခြေပေါ်မှာ ကလည်း ဆောင်းသီးနှံစိုက်သူတွေကလည်း မနေရဲတော့ပါဘူး။ သူတို့က ရေထဲ လှည့်ပတ် သွားလာနေတာကြောင့်ပဲ ဖြစ်ပါတယ်။ ဒီနေရာမှာ ရခိုင်တိုင်းရင်းသားတွေရဲ့ နဂို ရေလုပ်ငန်းဖွံ့ဖြိုး လာဖို့ဆိုလို့ရှိရင် အချက်(၃)ချက်ကို လုပ်ရပါမယ်။ စနစ်တကျ စီမံကိန်းရေးဆွဲခြင်း၊ နောက် နိုင်ငံတကာ INGO တွေက သူတို့ပေးသလို အစိုးရက ငွေကြေးထောက်ပံ့ခြင်းနှင့် လုံခြုံမှုပေးခြင်းတို့ ဖြစ်ပါကြောင်း ဆွေးနွေးရင်း နိဂုံးချုပ်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**အချိန်၊ ၁၀း၄၃။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းများနဲ့ ပတ်သက်ပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၄၃။**

**ဒေါက်တာအောင်သူ(ပြည်ထောင်စုဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံး၊ ဧည့်သည်တော်များကို မင်္ဂလာပါလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ဦးစွာပထမ အနေနဲ့ ရခိုင်ပြည်နယ်၊ အမှတ်(၂)မဲဆန္ဒနယ်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးတက်ထွန်းအောင် ရဲ့ ကြယ်ပွင့်ပြမေးခွန်းကို ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရဲ့ကိုယ်စား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ကျွန်တော် ဒေါက်တာအောင်သူ မှ ဖြေကြားမှာ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ မေးခွန်းဟာ သရက်ချောင်းကျေးရွာအုပ်စု အတွင်းမှာရှိတဲ့ သရက်ချောင်းကျေးရွာ တောင်သူလယ်သမားများရဲ့ ထွန်ယက်စိုက်ပျိုးနေတဲ့ သရက်ချောင်းကျေးရွာ အုပ်စုဖွံ့ဖြိုးရေး ရေငန်တား တာတမံကို ပြည်ထောင်စုအစိုးရမှ ထပ်မံဆည်ဖို့ပေးရန် အစီအစဉ် ရှိ/ မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်းဖြစ်ပါတယ်။

ရခိုင်ပြည်နယ်အစိုးရအဖွဲ့က ဖြေကြားချက်အရ ပေါင်းစပ်ဖြေကြားရမယ်ဆိုရင် ရခိုင်ပြည်နယ်၊ ပေါက်တောမြို့နယ်၊ သရက်ချောင်းကျေးရွာ တောင်သူလယ်သမားများ ထွန်ယက်စိုက်ပျိုး

နေတဲ့ သရက်ချောင်းဖွံ့ဖြိုးရေး ရေငန်တားတာတမံကို ထပ်မံဆည်ဖို့ပေးရန် ဖြစ်မြောက်နိုင်စွမ်း အကြို ကွင်းဆင်းစစ်ဆေးမှုများ၊ မြေပြင်တိုင်းတာမှုနဲ့ ဒေသန္တရဆိုင်ရာ စူးစမ်းလေ့လာမှု၊ ခန့်မှန်း ကုန်ကျစရိတ် အသေးစိတ် တွက်ချက်မှုများနှင့် ရန်ပုံငွေရရှိရေး လုပ်ငန်းများကို ဆောင်ရွက်မည့် လုပ်ငန်းများကို ဆောင်ရွက်နေပါတယ်။ ၂၀၁၆- ၂၀၁၇ ခုနှစ်၊ ဘဏ္ဍာရေးနှစ်မှာ အဆိုပြုလုပ်ငန်းကို ဆောင်ရွက်နိုင်မှု မရှိသေးပါဘူး။ အသေးစိတ်ကွင်းဆင်းစစ်ဆေး ဆောင်ရွက်မှုများ ပြုလုပ်ပြီး ဖြစ်မြောက်နိုင်စွမ်းရှိတယ် ဆိုပါက ၂၀၁၇-၂၀၁၈ ခုနှစ်၊ ဘဏ္ဍာရေးနှစ် ပြည်နယ်အစိုးရရန်ပုံငွေမှာ ဦးစားပေးအလိုက် ထည့်သွင်း တင်ပြပြီး ရန်ပုံငွေရရှိမှုအပေါ်မှာ မူတည်ပြီး လုပ်ငန်းဆောင်ရွက် ပေးသွားမှာဖြစ်တယ်လို့ ရှင်းလင်း ဖြေကြားအပ်ပါတယ်။

ဒုတိယမေးခွန်းဖြစ်တဲ့ စစ်ကိုင်းတိုင်းဒေသကြီး အမှတ်(၃)မဲဆန္ဒနယ်က အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းအောင် ရဲ့ ကြယ်ပွင့်ပြမေးခွန်းကို ဆက်လက်ဖြေကြားမှာဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီး ဦးဝင်းအောင် က ယခုလိုကျေးလက်ဒေသ ဖွံ့ဖြိုးရေးအတွက် စိတ်ပါဝင်စားစွာနဲ့ ကျေးရွာတွေကို ကွင်းဆင်းစစ်ဆေးပြီး မေးမြန်းပေးတဲ့အတွက် အထူးပင်ကျေးဇူး တင်ကြောင်းပြောလိုပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူမြို့နယ်၊ အင်းလယ်ကြီး - သရက်တော- ကျွန်းပင်ကုန်း-ရှမ်းတပ်-ဇီးဖြူကုန်း-ပျဉ်းတော်-ပုပ္ပါးလမ်းဟာ အရှည်အားဖြင့် (၁၃)မိုင် (၅)ဖာလုံ၊ မြေသားတာပေါင်လမ်းဖြစ်ပြီး တာပေါင်လမ်းပြုပြင်ဖို့ရာအတွက် (၄)မိုင်(၆)ဖာလုံ ပိုင်းအတွက် ငွေကျပ်(၇၀.၉၂)သန်း၊ (၁၃)မိုင်(၅)ဖာလုံ ကျောက်ချောလမ်းခင်းခြင်းအတွက် ငွေကျပ်(၆၉၈.၃၀) သန်း၊ စုစုပေါင်းငွေကျပ် (၇၆၉.၂၂)သန်း ကုန်ကျမှာဖြစ်ပြီး ကျေးရွာ(၁၀)ရွာနဲ့ အိမ်ခြေပေါင်း(၂၁၇၂)၊ လူဦးရေပေါင်း (၁၀၈၁၂) တို့ကို အကျိုးပြုမည်လို့ တွက်ချက်ရရှိပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး အတွင်းမှာ ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနအနေနဲ့ ၂၀၁၆-၂၀၁၇ ခုနှစ်၊ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေကျပ် (၁၆၅၂၀.၇၂) သန်းနဲ့ ကွန်ကရစ်လမ်း (၅)မိုင်(၄)ဖာလုံ၊ ကတ္တရာလမ်း(၂၀)မိုင် (၄)ဖာလုံ၊ ကျောက်ချောလမ်း (၁၀၁) မိုင် (၃)ဖာလုံ၊ ဂဝံမြေနီလမ်း (၃၈)မိုင်(၅) ဖာလုံ၊ မြေသားလမ်း (၁၀၉)မိုင်(၂)ဖာလုံ၊ ကွန်ကရစ်တံတား (၄၇)စင်း၊ သစ်သားတံတား(၉၃)စင်း၊ ရေပြွန်(၆၅)စင်းနဲ့ ရေကျော်(၄၄)စင်းတို့ကို ယခုနှစ်ဘတ်ဂျက်ဖြစ်တဲ့ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်ကနေ လျာထား ဆောင်ရွက်လျက်ရှိပါတယ်။

ကန့်ဘလူမြို့နယ်အတွက်ကတော့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရဲ့ ၂၀၁၆- ၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေ ကျပ်သန်းပေါင်းကတော့ (၃၁၁.၂၃)သန်းဖြစ်ပါတယ်။ ကျောက်ချောလမ်း(၁)မိုင်(၄)ဖာလုံ၊ မြေသားလမ်း(၈)မိုင်(၅)ဖာလုံ၊ သစ်သားတံတား(၄)စင်းနဲ့ ရေပြွန် (၉)စင်း၊ ရေကျော်(၁)စင်းတို့ကို လျာထားဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ပြည်ထောင်စုအဆင့်အနေနဲ့ ခြုံငုံပြီး ပြောရမယ်ဆိုရင် ပြည်ထောင်စုအဆင့် လမ်းတံတားလုပ်ငန်းများနှင့် ပတ်သက်ပြီး လမ်းအမျိုး အစားနှင့်လမ်းအဆင့်သတ်မှတ်ခြင်း၊ လမ်းတံတားစံချိန်စံညွှန်းများသတ်မှတ်ခြင်း၊ လမ်းနယ် သတ်မှတ် ခြင်း၊ လမ်းပိုင်ဆိုင်မှု နယ်နိမိတ်သတ်မှတ်ခြင်းနှင့် Strategy Investment Plan ကို ရေးဆွဲဖို့ စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ ပြည်ထောင်စုအဆင့် သတ်မှတ်ချက် Criteria အညီ ဦးစားပေး ရွေးချယ်ခြင်းကို ပြည်နယ်တိုင်းဒေသကြီးမှ သက်ဆိုင်သူအဖွဲ့အစည်းများအားလုံး ပါဝင်ဆွေးနွေးပြီး နှစ်တို၊ နှစ်ရှည်စီမံကိန်း (Master Plan) ရေးဆွဲပြီး စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ ပြည်နယ်၊ တိုင်း

ဒေသကြီးများမှ နှစ်တို၊ နှစ်ရှည်စီမံကိန်း (Master Plan) အရ ဦးစားပေးရေးဆွဲ တင်ပြလာတဲ့ လုပ်ငန်းများအပေါ်မှာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စိစစ်၍ ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်မှ မေးမြန်းလာတဲ့ ကန့်ဘလူမြို့နယ်၊ အင်းလယ်ကြီး-သရက်တော-ကျွန်းပင်ကုန်း-ရှမ်းတပ်-ဇီးဖြူကုန်း-ပျဉ်းတော်-ပုပ္ပားလမ်းကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရဲ့ ၂၀၁၆-၂၀၁၇ ခု ဘဏ္ဍာရေးနှစ်မှာ ပါဝင်ခြင်းမရှိတဲ့အတွက် လတ်တလော ဆောင်ရွက်ပေးနိုင်ခြင်းမရှိပါကြောင်းနှင့် နှစ်အလိုက် ပြည်နယ်၊ တိုင်းဒေသကြီးများ၏ ဦးစားပေးလျာထားတင်ပြမှုအပေါ်မှာ မူတည်ပြီး လျာထားဆောင်ရွက်ပေးသွားမှာဖြစ်တဲ့အကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။

တတိယမေးခွန်းဖြစ်တဲ့ ရခိုင်ပြည်နယ်၊ အမှတ်(၁၀)မဲဆန္ဒနယ်က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်သန်း ရဲ့ ကြယ်ပွင့်ပြမေးခွန်းကို ဖြေကြားသွားမှာဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်သန်း က ယခုလို ကျေးလက်ဒေသဖွံ့ဖြိုးရေးကို မေးမြန်းပေးတဲ့အတွက် အထူးပင်ကျေးဇူးတင်ကြောင်း ပြောကြားလိုပါတယ်။ ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့နယ်၊ အမှတ်(၇)တိုက်နယ် ရတနအုပ်စုမှာရှိတဲ့ လောင်းခုတ်တောင်-အနောက်မျှားတိန်-အရှေ့မျှားတိန်-မြုံးပြင်-ခြုံစွယ် ကျေးရွာချင်းဆက်မြေသားလမ်းဟာ ကိုယ်ထူကိုယ်ထ ဖောက်လုပ်ခဲ့တဲ့ လမ်းဖြစ်ပြီးတော့ အရှည်(၈)မိုင်(၄)ဖာလုံနဲ့ အဆိုပါလမ်းပေါ်မှာ ပျက်စီးနေတဲ့ သစ်သားတံတားတစ်စင်းရှိပါတယ်။ အဆိုပါမြေသားလမ်းကို ကျောက်ချောလမ်းအဖြစ်ဆောင်ရွက်ပါက ငွေကျပ်(၈၂၃.၃၁)သန်း၊ ပျက်စီးနေတဲ့ သစ်သားတံတားပေ(၄၀)ကို သံကူကွန်ကရစ်တံတားအဖြစ် တည်ဆောက်ပါက ငွေကျပ်(၄၀)သန်း၊ သံကူကွန်ကရစ်တံတား (၁၀)ပေ(၉)စင်း တည်ဆောက်မည်ဆိုပါက ငွေကျပ်(၇၂)သန်းနှင့် ရေပြွန်(၅)ပေ၊ (၃၂)စင်းတည်ဆောက်ပါက ငွေကျပ် သန်း(၈၀)၊စုစုပေါင်း ငွေကျပ်(၁၀၁၅.၃၁)သန်းခန့် ကုန်ကျမှာဖြစ်ပြီး ကျေးရွာ (၅)ရွာနဲ့ အိမ်ခြေ(၁၃၆၃)ခု၊ လူဦးရေ(၃၆၅၁)တို့ကို အကျိုးပြုမှာဖြစ်ပါတယ်။

ရခိုင်ပြည်နယ်အတွင်းမှာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရဲ့ ၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ်ခွင့်ပြုရန်ပုံငွေကျပ်သန်းပေါင်းကတော့ (၄၁၄၂.၈၉၂)သန်းဖြစ်ပါတယ်။ ကွန်ကရစ်လမ်း (၃)မိုင်(၃)ဖာလုံ၊ ကတ္တရာလမ်း(၁)မိုင်(၆)ဖာလုံ၊ ကျောက်ချောလမ်း(၂၁)မိုင်(၇)ဖာလုံ၊ မြေသားလမ်း (၂၄)မိုင်(၅)ဖာလုံနဲ့ ကွန်ကရစ်တံတား(၂၇)စင်း၊ ရေပြွန်(၆၆)စင်းတို့ကို ခွင့်ပြုရန်ပုံငွေအတွင်းမှ ဆောင်ရွက်ပေးရန် လျာထားပါတယ်။ ကျောက်ဖြူမြို့နယ်အတွက်ကတော့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရဲ့ ၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ်၊ ခွင့်ပြု ရန်ပုံငွေ ကျပ်(၂၁၄.၄၆၂)သန်းဖြင့် မြေသားလမ်း(၅)မိုင်(၆)ဖာလုံ၊ ကွန်ကရစ်တံတား(၂)စင်း၊ ရေပြွန်(၁၃)စင်းတို့ကို လျာထားဆောင်ရွက်လျက်ရှိပါတယ်။ ပြည်ထောင်စုအဆင့်အနေနဲ့လည်းပဲ လမ်းတံတားလုပ်ငန်းများကို ပတ်သက်ပြီးတော့ ကျွန်တော်၏ ဝန်ကြီးဌာနအပါအဝင် ဆောက်လုပ်ရေးဝန်ကြီးဌာန ဥက္ကဋ္ဌအဖြစ်နဲ့ပါတဲ့ နယ်စပ်ဒေသဖွံ့ဖြိုးရေး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန အပါအဝင် Master Plan ကြီးကို ရေးဆွဲနေတာဟာ ယခုအချိန်မှာဆိုရင် Zero Draft ကို ပြီးပြီလို့ ပြီးကြောင်းတင်ပြလိုပါတယ်။ အချောသတ် အစီအစဉ် ရေးဆွဲပြီးခဲ့တဲ့အချိန်မှာ ကျေးလက်ဒေသရဲ့ ဖွံ့ဖြိုးတိုးတက်ရေးအနေနဲ့ ပါဝင်ပြီးတော့ ဆောင်ရွက်သွားနိုင်မှာဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်က မေးမြန်းလာတဲ့ ကျောက်ဖြူ

မြို့နယ်အတွင်းမှာရှိတဲ့ အမှတ်(၇)တိုက်နယ်၊ ရတနအုပ်စုရှိတဲ့ လောင်းခုတ်တောင်-အနောက်မျှားတိန်-အရှေ့မျှားတိန်-မြုံးပြင်-ခြုံဆွယ် ကျေးရွာချင်းဆက်လမ်းကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရဲ့ ၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ်မှာ ပါဝင်ခြင်းမရှိခဲ့တဲ့အတွက် လတ်တလောမှာ ဆောင်ရွက်ပေးနိုင်ခြင်းမရှိပါကြောင်းနှင့် နှစ်အလိုက်ပြည်နယ်၊ တိုင်းဒေသကြီးရဲ့ ဦးစားပေးလျာထားတင်ပြမှုအပေါ်မှာ မူတည်ပြီး လျာထားဆောင်ရွက်သွားမှာဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

ဆက်လက်ပြီး မွန်ပြည်နယ်၊ အမှတ်(၃)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်ဇော်ဦး ရဲ့ မေးခွန်းကို ဖြေကြားမှာ ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီး ဦးခင်ဇော်ဦး က ယခုလို ကျေးရွာများကို ကွင်းဆင်းစစ်ဆေးပြီး မေးမြန်းပေးတဲ့အတွက် အထူးပင်ကျေးဇူးတင်ကြောင်း ဦးစွာတင်ပြလိုပါတယ်။ မွန်ပြည်နယ်၊ ကျိုက်မရောမြို့နယ်အတွင်းမှာရှိတဲ့ လက်ပန်ရွာဟာ မော်လမြိုင်-ဇာသပြင်လမ်းမှ အတွင်းဘက် (၁)မိုင်(၂)ဖာလုံအကွာ တည်ရှိပြီး လက်ပန်ရွာ အဝင်လမ်းသည် ပျမ်းမျှအမြင့်(၇)ပေရှိတဲ့ မြေသားတာပေါင်လမ်းဖြစ်ပြီး လမ်း၏ လက်ရှိအခြေအနေမှာ(၉)ပေအကျယ်(၆)လက်မထု ကွန်ကရစ်လမ်း(၈၅၀)ပေနှင့်ပြုပြင်ရန်လိုအပ်တဲ့ မြေသားလမ်း (၁)မိုင် (၄၇၀)ပေရှိပြီး၊ ကျေးရွာ(၂)ရွာ၊ အိမ်ခြေ(၄၇၄)မှာရှိတဲ့ လူဦးရေပေါင်း (၂၉၀၁)ဦးကို အကျိုးပြုပါတယ်။ အဆိုပါလမ်းကို မြေသားတာပေါင်ဖို့ခြင်း၊ (၁)မိုင် (၄၇၀)ပေ ဆောင်ရွက်ပါက ငွေကျပ်(၁၉.၆၀)သန်း၊ ကွန်ကရစ်လမ်း(၁)မိုင်(၄၇၀)ပေကို ဆောင်ရွက်ပါက ငွေကျပ်(၁၄၆.၄၅)သန်းနှင့် အဆိုပါလမ်းပေါ်မှာရှိတဲ့ ကွန်ကရစ်တံတား(၁)စင်း၊(၂၅)ပေကို ဆောင်ရွက်ပါက ငွေကျပ်(၂၂.၅)သန်း၊ စုစုပေါင်း ငွေကျပ်(၁၈၈.၅၅)သန်းခန့် ကုန်ကျမှာဖြစ်ပါတယ်။

မွန်ပြည်နယ်အတွင်းမှာရှိတဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေးတိုးတက်ရေးဦးစီးဌာနရဲ့ ၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေကျပ် (၃၅၃၄.၉၈၅)သန်းနဲ့ ကွန်ကရစ်လမ်း(၁၈)မိုင်(၅)ဖာလုံ၊ ကတ္တရာလမ်း(၁၃)မိုင်(၁)ဖာလုံ၊ ကျောက်ချောလမ်း(၄)မိုင်(၄)ဖာလုံ၊ မြေသားလမ်း(၂)မိုင်၊ ကွန်ကရစ်တံတား(၁၁)စင်း၊ သစ်သားတံတား(၁)စင်းတို့ကို ၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေး ခွင့်ပြုရန်ပုံငွေအရ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ကျိုက်မရောမြို့နယ်အတွင်းမှာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေနဲ့ ၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေကနေပြီးတော့ ခွင့်ပြုငွေ ကျပ်သန်းပေါင်း (၄၄၇.၂၃၀)သန်းဖြင့် ကွန်ကရစ်လမ်း(၁)မိုင်(၂)ဖာလုံ၊ ကတ္တရာလမ်း (၄)ဖာလုံ၊ ကျောက်ချောလမ်း(၂)မိုင်၊ မြေသားလမ်း (၀.၂၈)ဖာလုံနှင့် ကွန်ကရစ်တံတား(၂)စင်းတို့ကို လျာထားဆောင်ရွက်လျက်ရှိပါတယ်။ ဒါတွေကိုဆောင်ရွက်ဖို့ ယခင်က တင်ပြတဲ့အတိုင်း ပြည်နယ်၊ တိုင်းဒေသကြီးများအလိုက် နိုင်ငံတော်အဆင့်၊ ပြည်ထောင်စုအဆင့်က ရေးဆွဲထားတဲ့ Master Plan ထွက်ပြီးတဲ့အချိန်မှာ ပြည်နယ်၊ တိုင်းဒေသကြီးများမှ Master Plan ဦးစားပေးအရ ရေးဆွဲတင်ပြလာတဲ့ လုပ်ငန်းများအပေါ်မှာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စိစစ်ပြီးတော့ ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်မေးမြန်းလာတဲ့ ကျိုက်မရောမြို့နယ်အတွင်း လက်ပန်ရွာအဝင်လမ်း၊ ကွန်ကရစ်ခင်းခြင်းလုပ်ငန်း(၁)မိုင်(၄၇၀)ပေနဲ့ ကွန်ကရစ်တံတားတစ်စင်း (၂၅)ပေ ဆောင်ရွက်ခြင်းလုပ်ငန်းကို မိမိရဲ့ဌာနဖြစ်တဲ့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနရဲ့ ၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ်မှာ ပါဝင်ခြင်းမရှိခဲ့ပါ၍ လတ်တလော ဆောင်ရွက်

ပေးနိုင်ခြင်းမရှိပါကြောင်းနှင့် နှစ်အလိုက် ပြည်နယ်၊ တိုင်းဒေသကြီးရဲ့ ဦးစားပေးအလိုက် လျာထား တင်ပြမှုအပေါ်မှာ မူတည်ပြီး လျာထားဆောင်ရွက်သွားမှာဖြစ်ကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

ဆက်လက်ပြီး မန္တလေးတိုင်းဒေသကြီး အမှတ်(၇)မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးကျော်တုတ် ရဲ့မေးခွန်းကို ဖြေကြားမှာဖြစ်ပါတယ်။ ဦးစွာပထမအနေနဲ့ အမျိုးသား လွှတ်တော်ကိုယ်စားလှယ်ကြီးက ယခုကဲ့သို့ ကျေးလက်ဒေသဖွံ့ဖြိုးရေးကို စိတ်ပါဝင်စားစွာဖြင့် ကျေးရွာတွေကို ကွင်းဆင်းစစ်ဆေးပြီးမေးမြန်းတဲ့အတွက် အထူးပင်ကျေးဇူးတင်ရှိပါကြောင်း တင်ပြလို ပါတယ်။ ကိုယ်စားလှယ်တော်ကြီးရဲ့ မေးခွန်းနဲ့ပတ်သက်ပြီး မန္တလေးတိုင်းဒေသကြီးရဲ့ အစိုးရအဖွဲ့ရဲ့ ဖြေကြားချက်နှင့်အတူ ပေါင်းစပ်ဖြေကြားပေးသွားမှာဖြစ်ပါတယ်။ မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦး ခရိုင်၊ ညောင်ဦးမြို့နယ်ဟာ ဧရာဝတီမြစ်ရေတင် ကျေးလက်ရေပေးရေးလုပ်ငန်းကို ဆည်မြောင်းဦးစီး ဌာနမှ ကျေးရွာပေါင်း(၃၄)ရွာ၊ ရေဖြန့်ဝေခြင်းဖြင့် စတင်ဆောင်ရွက်ခဲ့ပါတယ်။ ၁၉၆၅ ခုနှစ်မှာ ဆည်မြောင်းဦးစီဌာနမှ စက်မှုလယ်ယာဦးစီးဌာနသို့ လွှဲပြောင်းခဲ့ပါတယ်။ ၁၉၇၆ ခုနှစ်မှာ ကမ္ဘာ့ ကျန်းမာရေးအဖွဲ့နှင့် ဆက်သွယ်ပြီး Unicef (A.D.A.B) အဖွဲ့တို့၏ အကူအညီဖြင့် ကျေးရွာ(၉၈)ရွာ အထိ တိုးချဲ့ရေပေးနိုင်ရေးကို ဆောင်ရွက်ခဲ့ပါတယ်။ ၁၉၈၁ ခုနှစ်မှာတော့ ဒီဇယ်စက်များဖြင့် ရေပေး ဝေခြင်းမှ လျှပ်စစ်ဓာတ်အားလိုင်းဖြင့် ရေပေးဝေခြင်းတို့ကို ပြောင်းလဲဆောင်ရွက်ခဲ့ပါတယ်။ ၁၉၉၅ ခုနှစ်မှာ စက်မှုလယ်ယာဦးစီးဌာနမှတစ်ဆင့် ရေအရင်းအမြစ် အသုံးချရေးဦးစီးဌာနသို့ လွှဲပြောင်းခဲ့ပြီး ၂၀၁၁ ခုနှစ်မှ ရေအရင်းအမြစ် အသုံးချရေးဦးစီးဌာနမှ စည်ပင်သာယာရေးဦးစီးဌာနကို လွှဲပြောင်း လက်ခံ ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။

၂၀၁၅ ခုနှစ်အတွင်းမှာ စည်ပင်သာယာရေးဦးစီးဌာနမှ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနသို့ ဧရာဝတီမြစ်ရေတင် ကျေးလက်ရေပေးရေးလုပ်ငန်းကို လွှဲပြောင်းလက်ခံဆောင်ရွက်ခဲ့ ခြင်းဖြစ်ပါတယ်။ ညောင်ဦးမြို့နယ်ဟာ ကိုယ်စားလှယ်တော်ကြီးတင်ပြတဲ့အတိုင်းပဲ အပူပိုင်းဇုန်ဒေသ အတွင်းမှာပါဝင်ပြီး ကျေးရွာအုပ်စုပေါင်း(၉၁)အုပ်စု၊ ကျေးရွာပေါင်း(၂၂၀)ရွာဖြင့် ဖွဲ့စည်းထားပါတယ်။ ညောင်ဦးမြို့ နတ်သမီးကမ်းပါးမှ အစပြုသည့် ဧရာဝတီမြစ်ရေတင် ကျေးလက် ရေပေးရေးလုပ်ငန်း မှာ တောင်ဇင်းရေပေးဝေရေးပိုက်လိုင်းနှင့် စက်စက်ယိုရေပေးဝေရေးပိုက်လိုင်းများမှ တစ်နေ့လျှင် ရေဂါလန်(၅.၇)သိန်းခန့် ဖြန့်ဝေပေးလျက်ရှိပါတယ်။ တောင်ဇင်းကျေးလက်ရေပေးရေး ပိုက်လိုင်းရဲ့ စုစုပေါင်းအရှည်မှာ (၂၃)မိုင်ခန့်ရှိပြီး ပိုက်လိုင်းတစ်လျှောက် ရေတွန်းစက်ရုံ(၅)ရုံရှိပါတယ်။ ရေဖြန့် ဝေကန်(၅)ကန်မှ ကျေးရွာ(၂၄)ရွာကို ရေတိုက်ရိုက်ပေးဝေပြီး ရေရောက်ရှိသည့် ကျေးရွာများ အနီးအနား မှာရှိတဲ့ ကျေးရွာပေါင်း (၁၅)ရွာမှာလည်း ထပ်ဆင့်သုံးစွဲသဖြင့် တောင်ဇင်းရေပိုက်လိုင်းမှ အကျိုးပြု သည့် ကျေးရွာပေါင်း (၃၉)ရွာ ဖြစ်ပါတယ်။ တောင်ဇင်းရေပိုက်လိုင်းမှာ တစ်ရက်လျှင် ရေဂါလန် (၃.၉၅)သိန်းခန့် ပေးပို့လျက်ရှိပါတယ်။ စက်စက်ယို ကျေးလက်ရေပေးရေး ပိုက်လိုင်းအရှည်မှာ (၃၆)မိုင် ရှိပြီး ပိုက်လိုင်းတစ်လျှောက် ရေတွန်းစက်ရုံ(၇)ရုံရှိပါတယ်။ ရေစုကန်(၇)ခုရှိပါတယ်။ အဲဒီကနေပြီး တော့ ရေကို တိုက်ရိုက်ပေးဝေတဲ့ ကျေးရွာ(၃၀)ရွာ၊ ထပ်ဆင့်အကျိုးခံစားရသည့် ကျေးရွာ(၂၉)ရွာ အပါအဝင် အကျိုးပြုရွာပေါင်း (၅၉)ရွာကို ရေဖြန့်ဝေပေးပို့လျက်ရှိပါတယ်။ စက်စက်ယိုရေပိုက်လိုင်း မှ တစ်ရက်လျှင် ရေဂါလန် (၁.၇၅) သိန်းခန့် ဖြန့်ဝေပေးလျက်ရှိပြီး ရေပိုက်လိုင်း (၂)ခုမှ ရက်သတ္တတစ်ပတ်မှ စုစုပေါင်း ရေဂါလန်(၂၈.၅)သိန်းခန့်ရေပေးဝေနိုင်စွမ်းရှိပါတယ်။

ကျေးရွာပေါင်း(၉၈)ရွာကို ရက်သတ္တပတ် တစ်ပတ်လျှင် ကျေးရွာတစ်ရွာတစ်ရက်နှုန်းနဲ့ အလှည့်ကျ ရေပေးဝေလျက်ရှိပါတယ်။ ညောင်ဦးမြို့နယ်မှာရှိတဲ့ ဧရာဝတီမြစ်ရေတင် ကျေးလက်ရေပေးရေးလုပ်ငန်းမှာ တပ်ဆင်အသုံးပြုနေတဲ့ ရေတင်မော်တာများ၊ ပန့်များနှင့် ရေပို့ပိုက်လိုင်းများမှာ နှစ်ပေါင်း(၃၅)နှစ်ကျော် အသုံးပြုလာခဲ့ခြင်းကြောင့် မော်တာပန့်များ စွမ်းအားကျဆင်းခြင်း၊ လျှပ်စစ်ဓာတ်အားသုံးစွဲမှုများပြားပြီး ရေထွက်နှုန်း လျော့ကျနေခြင်း၊ ပိုက်လိုင်းများ ဆွေးမြေ့ပေါက်ပြဲပြီး ရေလေလွင့်ဆုံးရှုံးမှုများ များပြားနေခြင်းကြောင့် အဆိုပါပျက်စီး ဆုံးရှုံးမှုများကို အသစ်အစားထိုးပြုပြင်ရန်နှင့် ပြင်ဆင်ထိန်းသိမ်းနိုင်ရန် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှ နှစ်အလိုက် ဘဏ္ဍာငွေလျာထား တင်ပြပြီးတော့ ဆောင်ရွက်လျက်ရှိပါတယ်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ရန်ပုံငွေ ကျပ်(၃၉)သန်းနဲ့ ရေတင်ပန့်နှင့် မော်တာတစ်စုံ ပြုပြင်ခြင်း၊ ထရန်စဖော်မာများ ပြုပြင်ခြင်းများ ဆောင်ရွက်ခဲ့ပြီး ဖြစ်ပါတယ်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာတော့ နိုင်ငံတော်ခွင့်ပြုရန်ပုံငွေ ကျပ်သန်း(၃၀၀)ဖြင့် ပန့်နှင့် မော်တာအသစ်(၃)လုံး တပ်ဆင်ခြင်း၊ (315 KVA) ထရန်စဖော်မာနှစ်လုံးတပ်ဆင်တည်ဆောက်ပေးခြင်း၊ ရေပေါ်ပွန်တွန်း တစ်ခု တည်ဆောက်ခြင်းနဲ့ အခြားပြင်ဆင်ထိန်းသိမ်းခြင်း လုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါတယ်။ ယခု ၂၀၁၆-၂၀၁၇ ခု ဘဏ္ဍာရေးနှစ်မှာလည်း ရန်ပုံငွေကျပ်သန်း(၃၀၀) လျာထားခွင့်ပြုခဲ့ပါသဖြင့် တောင်းဇင်းနှင့် စက်စက်ယိုပိုက်လိုင်းတစ်လျှောက်မှာ ပိုက်လိုင်းဟောင်းများကို အသစ်အစားထိုး လဲလှယ်ခြင်း၊ ပိုက်ပေါက်များ ဖာထေးခြင်း၊ ရေဂိတ်ဘားများ အသစ်လဲလှယ်ခြင်း၊ ဧရာဝတီမြစ် ရေစုပ်တင်ခြင်း ရေမြုပ်ပန့်အသစ် (၂)စုံနဲ့ ရေတွန်းမော်တာပန့် အသစ်(၄)လုံးကို အစားထိုးတပ်ဆင် ဆောင်ရွက်လျက်ရှိပါတယ်။

လုပ်ငန်းများကို ပြည်သူ့နေ့စဉ်သတင်းစာမှ တင်ဒါခေါ်ယူပြီး ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလကုန်ခန့်မှာ ပစ္စည်းများရောက်ရှိ တပ်ဆင်သွားမှာ ဖြစ်ပါတယ်။ ညောင်ဦးမြို့နယ် ဧရာဝတီမြစ်ရေတင် ကျေးလက်ရေပေးရေး လုပ်ငန်းအနေဖြင့် ယခင်ရှိပြီး ရေတင်စနစ်ဖြစ်တဲ့ မော်တာပန့်များဖြင့် ဆောင်ရွက်စဉ်က တစ်ပတ်လျှင် ရေဂါလန်(၂၈.၅)သိန်းခန့် ပေးပို့နိုင်ခဲ့သော်လည်း ယခုအဆင့်မြှင့် မော်တာပန့်များဖြင့်ဆောင်ရွက်ချိန်မှာ တစ်ပတ်လျှင် ရေဂါလန်(၃၉.၇၅)သိန်းခန့် ပိုမိုပေးပို့နိုင်မှာဖြစ်တဲ့အတွက် မူလထက် ရေဂါလန်(၁၁.၂၅)သိန်းခန့် ပိုမိုပေးပို့နိုင်မယ်လို့ ခန့်မှန်းပါတယ်။ ကျေးရွာများသို့ ယခင်က တစ်ပတ်လျှင်တစ်ကြိမ် ပေးပို့နိုင်ရာမှ ရေပေးရေးလုပ်ငန်း ပြုပြင်မွမ်းမံပြီးတဲ့နောက်ပိုင်းမှာ ရေပိုက်လိုင်းရောက်ရှိတဲ့ ပိုက်လိုင်းအရင်းမှာရှိတဲ့ ကျေးရွာများအား တစ်ပတ်လျှင် (၃)ကြိမ်နှုန်း၊ ပိုက်လိုင်းအဖျားမှာရှိတဲ့ ကျေးရွာများကို တစ်ပတ်လျှင် (၂)ကြိမ်နှုန်းဖြင့် တိုးမြှင့်ပြီး ရေပေးဝေနိုင်မှာလည်း ဖြစ်ပါတယ်။ လျှပ်စစ်ဓာတ်အား သုံးစွဲတဲ့နေရာမှာ မူလရေတင်စနစ်ဖြစ်တဲ့ မော်တာပန့်များရဲ့ တစ်လ လျှပ်စစ်ဓာတ်အား သုံးစွဲမှုအား (၅.၅)သိန်း ယူနစ်ခန့်ဖြစ်ပြီး အသစ်ပြောင်းလဲတပ်ဆင်အသုံးပြုတဲ့ မော်တာပန့်များကြောင့် တစ်လလျှင် လျှပ်စစ် ဓာတ်အားသုံးစွဲမှုအား (၂.၃၉) သိန်း တစ်ဝက်နီးခန့် လျော့ကျသွားမှာ ဖြစ်တဲ့အတွက် လစဉ် လျှပ်စစ်ဓာတ်အား ယူနစ် (၄၇.၃၈) ရာခိုင်နှုန်းလျော့နည်း သက်သာသွားမယ်လို့ ခန့်မှန်းတွက်ချက် ရရှိပါတယ်။

ညောင်ဦးမြို့နယ်အတွင်းမှာရှိတဲ့ ကျေးရွာများ သောက်သုံးရေပြတ်လပ်မှု မရှိစေရေးအတွက် ယခင်ကျေးလက်ရေရရှိရေး (၁၀)နှစ် စီမံကိန်းဖြစ်တဲ့ ၂၀၀၀-၂၀၀၁ မှ ၂၀၀၉-၂၀၁၀

ကာလအတွင်း မြို့နယ်အတွင်းမှာရှိတဲ့ ကျေးရွာပေါင်း (၂၂၀)ရွာမှာ ကျေးရွာတစ်ရွာလျှင် ရေပေးရေးလုပ်ငန်း တစ်ခုနှုန်းဖြင့် ရေရရှိရေး ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ ဆက်လက်၍လည်းပဲ ရေလုံလောက်မှု မရှိသေးတဲ့ကျေးရွာများကို ပထမ (၅)နှစ် စီမံကိန်းဖြစ်တဲ့ ၂၀၁၁-၂၀၁၂ မှ ၂၀၁၅-၂၀၁၆ အထိ အတွင်းဘဏ္ဍာငွေရရှိမှု အပေါ်မှာမူတည်ပြီး အကောင်အထည်ဖော်ပေးနိုင်ခဲ့ပြီး ယခု ဒုတိယ (၅) နှစ်စီမံကိန်း ၂၀၁၆-၂၀၁၇ မှ ၂၀၂၀-၂၀၂၁ ကာလအတွင်းမှာ ပိုမိုဆောင်ရွက်ပေးနိုင်ရေးကို လျာထား အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမှာလည်း ဖြစ်ပါတယ်။

ညောင်ဦးမြို့နယ်အတွင်းမှာ နိုင်ငံတကာနဲ့ ပူးပေါင်းဆောင်ရွက်တဲ့ ကျေးလက်ရေပေးရေး လုပ်ငန်းများအနေနဲ့ JICA နဲ့ ပူးပေါင်းပြီး ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေး နှစ်အထိ ကျေးရွာပေါင်း (၂၀)ရွာမှာ တွင်းနက်တူးဖော်ပြီး ရေရရှိအောင် ဆောင်ရွက်ပြီးပြီလည်း ဖြစ်ပါ တယ်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေး နှစ်မှာလည်းပဲ ညောင်ဦးမြို့နယ် အတွင်းအတွက် ရန်ပုံငွေကျပ် (၁၅၃.၈) သန်းနဲ့ ကျေးရွာ (၁၃)ရွာမှာ ရေရရှိရေးလုပ်ငန်း (၁၃)ခုကို အကောင်အထည်ဖော်ဆောင် ရွက်လျက်ရှိပါတယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီး မေးမြန်းထားတဲ့ မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ် အတွင်းမှာရှိတဲ့ ကျေးရွာနေပြည်သူများ ရာသီမရွေးသောက်သုံးရေ ပြတ်လပ်မှု မရှိရေးအတွက် ဧရာဝတီမြစ်ရေတင်ကို အလှည့်ကျစနစ်ဖြင့် ဖြန့်ဝေပေးခြင်း အစီရင်ခံစာကို သိရှိလိုခြင်းနှင့် ရေပိုက်လိုင်း လက်လှမ်းမှီရာ ကျေးရွာများသို့ ပိုက်လိုင်းသွယ်တန်းတိုးချဲ့မှု ရှိ/မရှိ သိရှိလိုခြင်းနှင့် စပ်လျဥ်းသည့်မေးခွန်းနှင့် ပတ်သက်ပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာနအနေနဲ့ ညောင်ဦးမြို့နယ်အတွင်းမှာရှိတဲ့ ကျေးရွာများကို ရာသီမရွေး သောက်သုံးရေ ပြတ်လပ်မှုမရှိစေရေးအတွက် ဧရာဝတီမြစ်ရေတင် ကျေးလက်ရေးပေးရေးလုပ်ငန်းများသာမက အခြား ရေရရှိနိုင်တဲ့ လုပ်ငန်းများဖြစ်တဲ့ စက်ရေတွင်း တူးဖော်ခြင်း၊ လက်တူးတွင်းများ တူးပေးခြင်း၊ မိုးရေကန် များ တည်ဆောက်ခြင်းစတဲ့ လုပ်ငန်းများကို ဘဏ္ဍာရေးနှစ်အလိုက် စီမံကိန်း၊ စီမံချက်များ ချမှတ် ဆောင်ရွက်လျက် ရှိပါကြောင်းနှင့် ဧရာဝတီမြစ်ရေတင် ကျေးလက်ရေပေးရေးပိုက်လိုင်းများမှ လက်လှမ်း မီရာ နီးစပ်သည့် ကျေးရွာများအနေဖြင့် ပိုက်လိုင်းသွယ်တန်းလိုပါက ပိုက်လိုင်းသွယ်တန်းရမည့် အကွာအဝေး၊ ရေရောက်ရှိနိုင်မည့် နိမ့် မြင့် ကွာခြားမှု၊ တိုးချဲ့ရေဖြန့်ဝေပေးနိုင်မည့် ပမာဏတို့ကို ကွင်းဆင်းတိုင်းတာတွက်ချက်၍ ဖြစ်နိုင်ခြေနှင့် ဘဏ္ဍာငွေ ရရှိမှုအပေါ်မှာ မူတည်ပြီး ဆက်လက်ပြီး တိုးချဲ့ဆောင်ရွက်သွားမှာ ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

ဆက်လက်ပြီး ရခိုင်ပြည်နယ် အမှတ်(၃)မဲဆန္ဒနယ်မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်၊ ဦးခင်မောင်လတ် ရဲ့ ကြယ်ပွင့်ပြမေးခွန်းနဲ့ပတ်သတ်ပြီး ဖြေကြားမှာဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးအနေနဲ့ ရေလုပ်ငန်းကဏ္ဍနှင့် ပတ်သက်ပြီး စိတ်ပါဝင်စားစွာနှင့် မေးမြန်းခြင်း အတွက် ကျေးဇူးအထူးတင်ရှိပါကြောင်း တင်ပြလိုပါတယ်။ ကိုယ်စားလှယ်ကြီးရဲ့ မေးခွန်းနဲ့ပတ်သက် ပြီး မိမိအနေနဲ့ မိမိဝန်ကြီးဌာနအပါအဝင် ပြည်ထဲရေးဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာန၊ ရခိုင် ပြည်နယ်အစိုးရအဖွဲ့တို့ရဲ့ ဖြေကြားချက်များနှင့်အတူ ပေါင်းစပ်ဖြေကြားသွားမှာ ဖြစ်ပါတယ်။ စိုက်ပျိုး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနဟာ ပင်လယ်ငါးလုပ်ငန်း ရေပြင် အတွင်းမှာ ငါးဖမ်းလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်နေတဲ့ ကမ်းဝေး၊ ကမ်းနီး ငါးဖမ်းရေယာဥ်များကို

စနစ်တကျစီမံခန့်ခွဲ ကြီးကြပ်နိုင်ရန်အတွက် မြန်မာ့ပင်လယ်ငါးလုပ်ငန်း ဥပဒေကို ၁၉၉၀ မှာ ပြဋ္ဌာန်းခဲ့ပြီး ဥပဒေအမှတ် (၉/၉၀) ဖြင့်လည်းကောင်း၊ မြန်မာ့ပင်လယ်ငါးလုပ်ငန်းဥပဒေကို ပြင်ဆင်တဲ့ ဥပဒေကို ၂၈-၁၀-၁၉၉၃ ရက်စွဲ ဥပဒေအမှတ် (၁၆/၉၃) အဖြစ်လည်းကောင်း၊ ထုတ်ပြန်ထားခဲ့ပြီး ဖြစ်ပါတယ်။ နိုင်ငံသားပိုင်ကမ်းဝေး ငါးဖမ်းရေယာဉ်များကို မြန်မာ့ပင်လယ် ငါးလုပ်ငန်းဥပဒေ ပုဒ်မ ၄၊ ပုဒ်မ ၈၊ ပုဒ်မ ၁၀၊ ပုဒ်မ ၁၂၊ ပုဒ်မ ၁၇၊ ပုဒ်မ ၁၈၊ ပုဒ်မ ၂၁နဲ့ ပုဒ်မ ၂၂ တို့အရလည်းကောင်း၊ ၁၈-၈-၁၉၉၈ ရက်နေ့မှာ ထုတ်ပြန်ထားတဲ့ ညွှန်ကြားချက်အမှတ် (၁/၉၈) အရလည်းကောင်း၊ ငါးဖမ်းလိုင်စင်များကို ငါးလုပ်ငန်းဦးစီးဌာနမှ စိစစ်ခွင့်ပြုပေးလျက်ရှိပြီး ကမ်းနီးငါးဖမ်းရေယာဉ်များကို မြန်မာ့ပင်လယ်ငါးလုပ်ငန်း ဥပဒေ ပုဒ်မ ၃၊ ပုဒ် ၈၊ ပုဒ်မ ၁၇နဲ့ ပုဒ်မ၁၉ အရလည်းကောင်း ၃၀-၅-၁၉၉၆ ရက်နေ့မှာ ထုတ်ပြန်ထားတဲ့ ညွှန်ကြားချက်အမှတ် (၃/၉၆) အရ လည်းကောင်း မြို့နယ်ငါးလုပ်ငန်း ဦးစီးဌာနမှ စိစစ်ခွင့်ပြုပေးလျက်ရှိပါတယ်။

မြန်မာ့ပင်လယ်ပြင် ငါးဖမ်းကွက်မှာ ရှိတဲ့ ကမ်းနီး ကမ်းဝေး ငါးဖမ်းရေယာဉ်များ သတ်မှတ်ပြဋ္ဌာန်းထားတဲ့ ဥပဒေစည်းမျဉ်းစည်းကမ်း သတ်မှတ်ချက်များနှင့်အညီ လုပ်ကိုင်ဆောင်ရွက်ခြင်း ရှိ/မရှိ ကိုလည်းကောင်း၊ ခွင့်ပြုထားခြင်းမရှိတဲ့ ငါးဖမ်းကိရိယာဖြင့် ဖမ်းဆီးနေခြင်းကိုလည်းကောင်း၊ ဥပဒေမဲ့ ဖမ်းဆီးနေခြင်းကိုလည်းကောင်း၊ စစ်ဆေးကြပ်မတ်နိုင်ရန်အတွက် တပ်မတော် (ကြည်း) နှင့် တပ်မတော်(ရေ) တို့ကို စစ်ဆေးရေးမှူးတာဝန်ပေးအပ်ခြင်းကို ပြည်ထောင်စုမြန်မာနိုင်ငံတော် အစိုးရအဖွဲ့ရုံးက ၁၀-၁၀-၁၉၉၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၂၁/၉၁) ဖြင့် တာဝန်ပေးအပ်ထားတဲ့အတွက် ငါးဖမ်းရေယာဉ်များအပါအဝင် အခြားပြည်တွင်း ပြည်ပရေယာဉ်များကို စစ်ဆေးခြင်းနှင့် အရေးယူခြင်းများကို ဆောင်ရွက်လျက်ရှိတဲ့အပြင် တပ်မတော်ရေသည် မြန်မာ့ပင်လယ်နှင့် ကမ်းရိုးတန်းတစ်လျှောက် နယ်မြေလုံခြုံရေးနှင့် စိုးမိုးရေးဆိုင်ရာ လုပ်ငန်းတာဝန်များ၊ တရားဥပဒေစိုးမိုးရေးလုပ်ငန်းတာဝန်များ၊ လူသားခြင်း စာနာထောက်ထားမှု အကူညီပေးရေး လုပ်ငန်းတာဝန်များနဲ့ သဘာဝဘေးအန္တရာယ်ကျရောက်ရာနေရာများကို ကယ်ဆယ်ရေးလုပ်ငန်း တာဝန်များကို ရေတပ်စခန်းဌာနချုပ်(၅)ခုရဲ့ စစ်ဆင်ရေးရေပြင်များအတွင်းမှာ စစ်ရေယာဉ်များဖြင့် ပင်လယ်ပြင်စိုးမိုးရေးအတွက် တာဝန်ယူ ဆောင်ရွက်လျက်ရှိပါတယ်။

ငါးလုပ်ငန်းဦးစီးဌာနအနေနဲ့ ငါးဖမ်းရေယာဉ်စစ်ဆေးရေးစခန်း (Check Point) များတွင်သာ တရားဝင်မှတ်ပုံတင်ထားတဲ့ ကမ်းနီးကမ်းဝေးငါးဖမ်းရေယာဉ်များ ဝင်ရောက်ခြင်း၊ ထွက်ခွာခြင်း၊ မထွက်ခွာမီ ငါးဖမ်းကိရိယာများစစ်ဆေးခြင်း၊ သက်ဆိုင်ရာစုပေါင်းအဖွဲ့များနှင့် တာဝန်အလိုက်စစ်ဆေးခြင်းများကိုသာ ဆောင်ရွက်နိုင်ပြီး ပင်လယ်ပြင်မှာရှိတဲ့ ကမ်းနီးကမ်းဝေး ငါးဖမ်းရေယာဉ်များအား ကာကွယ်ရေးဝန်ကြီးဌာန၏ စစ်ဆေးကြပ်မတ်မှုဖြင့်သာ ဆောင်ရွက်လျက်ရှိပါတယ်။ ထို့အပြင် ရသေ့တောင်မြို့နယ်တစ်ဝိုက်မှာရှိတဲ့ ပင်လယ်ပြင်မှာ မြန်မာနိုင်ငံရဲတပ်ရင်း လုံခြုံရေးအဖွဲ့များမှလည်း စစ်ဆေးဆောင်ရွက်လျက်ရှိပါတယ်။ တပ်မတော်ရေဟာ ဓညဝတီ ရေတပ်စခန်း ဌာနချုပ်နဲ့ အမှတ်(၃)ဗျူဟာ စစ်ရေယာဉ်အုပ်စု ကွပ်ကဲမှုအောက်မှာရှိတဲ့ စစ်ရေယာဉ်များဖြင့် ရခိုင်ပြည်နယ်အတွင်းမှာ ရှိတဲ့ ပင်လယ်ပြင်နဲ့ဆက်စပ်လျက်ရှိတဲ့ မြစ်ချောင်း ဧရိယာများအတွင်းမှာ တိုက်ကင်းလှည့်လှုပ်ရှားစိုးမိုးခြင်း၊ လုံခြုံရေးနဲ့ ပိတ်ဆို့ရေးဆောင်ရွက်ခြင်း၊ ပင်လယ်ပြင် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းတို့ကို ပြုလုပ်လျက်ရှိပြီး ထိုသို့ဆောင်ရွက်စဉ် တွေ့ရှိတဲ့ ငါးဖမ်းလှေများ

ကို ငါးလုပ်ငန်းဥပဒေ ချိုးဖောက်မှု မရှိစေရေး စနစ်တကျစစ်ဆေးပြီး ဥပဒေနဲ့မကိုက်ညီတဲ့ တရားမဝင် လှေတွေကို ဖမ်းဆီးအရေးယူဆောင်ရွက်ခဲ့တဲ့နေရာမှာ ၂၀၁၃ ခုနှစ်၊ ဧပြီလမှ ၂၀၁၆ ခုနှစ်၊ ဩဂုတ် လအထိ ဧရာဝတီ၊ ဓညဝတီ ရေတပ်စခန်းဌာနချုပ် စစ်ဆင်ရေး ရေပြင်အတွင်း သစ်ခိုးလှေပေါင်း (၁၇)စီး၊ ကျွဲ နွားမှောင်ခို လှေ(၁၆)စီး၊ မူးယစ်ဆေးဝါးသယ်လှေ (၁၂)စီး၊ တရားမဝင် ကုန်တင်လှေ (၆)စီး၊ လူမှောင်ခိုလှေ(၆)စီး၊ တရားမဝင်နိုင်ငံခြားငါးဖမ်းလှေ(၃)စီး၊ ဖမ်းဆီးရေယာဉ် စုစုပေါင်း (၆၀)စီး၊ စုစုပေါင်း ကာလတန်ဖိုး(၂,၂၄၄,၈၇၀,၀၀၀)ကျပ်ကို ဖမ်းဆီးခဲ့တဲ့အတွက် ပြည်သူ့ဘဏ္ဍာ အဖြစ် သိမ်းဆည်းပြီး အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရှိရပါတယ်။

တရားဝင်ငါးဖမ်းလိုင်စင်ရယူပြီး ငါးဖမ်းလုပ်ငန်းလုပ်ကိုင်နေတဲ့ ပြည်တွင်း၊ ပြည်ပကမ်းဝေး ငါးဖမ်းရေယာဉ်များ သတ်မှတ်စည်းကမ်းဖောက်ဖျက်သဖြင့် အရေးယူခဲ့တဲ့နေရာမှာ ၂၀၁၄-၂၀၁၅ ခုနှစ်မှာ ပြည်တွင်း ငါးဖမ်းရေယာဉ် (၂၆)စီးမှ ဒဏ်ကြေးငွေကျပ် (၇၂၀)သိန်းနှင့် နိုင်ငံခြား ငါးဖမ်း ရေယာဉ် (၃)စီးမှ ဒဏ်ကြေးငွေ အမေရိကန်ဒေါ်လာ (၂၁၀၀၀) ကိုလည်းကောင်း၊ ၂၀၁၅-၂၀၁၆ ခုနှစ်မှာ ပြည်တွင်းငါးဖမ်းရေယာဉ်(၂)စီးမှ ဒဏ်ကြေးငွေကျပ် (၆၀)သိန်းကိုလည်းကောင်း၊ ၂၀၁၆-၂၀၁၇ ခု ဘဏ္ဍာရေးနှစ်မှာ ပြည်တွင်းငါးဖမ်းရေယာဉ် (၆)စီးမှ ဒဏ်ကြေးငွေကျပ် သိန်း(၁၈၀)ကို လည်းကောင်း၊ နိုင်ငံတော် ဘဏ္ဍာငွေအဖြစ် ရရှိဆောင်ရွက်ခဲ့ပြီးလည်း ဖြစ်ပါတယ်။ ငါးလုပ်ငန်းဦးစီး ဌာနဟာ ရခိုင်ပြည်နယ်အတွင်းမှာ ရေလုပ်ငန်းလုပ်ကိုင်သည့် ရွာများမှာရှိတဲ့ ရေလုပ်သားများရဲ့ လူနေမှုဘဝမြှင့်တင်ရေးအတွက် မြစ်မ်းရောင်ကျေးရွာစီမံကိန်း ငါးကဏ္ဍကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေး နှစ်မှာ ကျေးရွာ(၁၅)ရွာ၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ ကျေးရွာ(၅)ရွာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေး နှစ်မှာ ကျေးရွာ (၂)ရွာ၊ စုစုပေါင်းကျေးရွာ (၂၂)ရွာမှာ ဆောင်ရွက်ပေးခဲ့ပြီး ဖြစ်ပါတယ်။

ရခိုင်ပြည်နယ် ရေလုပ်ငန်းကဏ္ဍအနေနဲ့ ဘူးသီးတောင် မောင်တောဒေသဖွံ့ဖြိုးတိုးတက် ရေးအတွက် သီးခြားလုပ်ငန်းစီမံချက်တစ်ရပ် ရေးဆွဲဆောင်ရွက်လျက်ရှိပြီး ကုလသမဂ္ဂအဖွဲ့အစည်း များ၊ နိုင်ငံတကာအဖွဲ့အစည်းများနဲ့ ပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းကော်မတီသို့လည်း လုပ်ငန်း စီမံချက် ကို ၁၄-၇-၂၀၁၆ ရက်နေ့မှာ တင်ပြထားရှိခဲ့ပါကြောင်းနှင့် ရခိုင်ပြည်နယ် လူမှုစီးပွား စဉ်ဆက် မပြတ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဦးစီးကော်မတီဖွဲ့စည်းခြင်း၊ လုပ်ငန်းကော်မတီ ဖွဲ့စည်းတာဝန်ပေး အပ်ခြင်းများကို ဖွဲ့စည်းထားရှိတဲ့နေရာမှာ နည်းပညာအဖွဲ့များပါဝင်လျက် အောက်ပါအတိုင်း သက်ဆိုင်ရာဌာနများ ထည့်သွင်းဖွဲ့စည်းထားခဲ့ပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းအဖွဲ့လည်း ပါဝင်ပါ ကြောင်း ရခိုင်ပြည်နယ် အစိုးရအဖွဲ့မှ ဖြေကြားထားပါတယ်။

ဖွဲ့စည်းထားတဲ့ အဖွဲ့တွေကတော့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းအဖွဲ့၊ သဘာဝ ပတ်ဝန်းကျင်ရေရှည်တည်တံ့ရေးအဖွဲ့၊ ပညာရေး၊ ကျန်းမာရေးနဲ့ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေး အဖွဲ့၊ သယ်ယူပို့ဆောင်ရေးနဲ့ အခြေခံအဆောက်အအုံအဖွဲ့၊ ခရီးသွားလာရေးအဖွဲ့၊ အသေးစား အလတ်စား စက်မှုလုပ်ငန်း အဖွဲ့တို့ပဲဖြစ်ပါတယ်။ ဒါ့အပြင် နိုင်ငံတကာအဖွဲ့အစည်းများရဲ့ အကူအညီ နဲ့ ကမ်းရိုးတန်းနေ ဆင်းရဲနွမ်းပါးတဲ့ ရေလုပ်သားများ လူနေမှုမြှင့်တင်ရေးစီမံကိန်းဖြစ်တဲ့ Myanmar Sustainable Aquaculture Programme ဖြစ်တဲ့ (MYSAP)စီမံကိန်းကိုလည်းကောင်း၊ မြန်မာ နိုင်ငံရဲ့ လုံခြုံမှုရှိစွာဖြင့် စီးပွားရေးလုပ်ငန်းများ ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုကို ဖြစ်ပေါ် စေရေးအတွက် အဏ္ဏဝါရေပြင်နှင့် သယံဇာတအရင်းအမြစ်များအား အသုံးချရေးဆိုင်ရာ စီမံကိန်းကို

လည်းကောင်း၊ မြန်မာနိုင်ငံမှာ ရေချို ရေငန် ဇီဝမျိုးစုံ မျိုးကွဲများ ပူးပေါင်းထိန်းသိမ်းရေး အစီအစဉ်များကိုလည်းကောင်း၊ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်းနဲ့ ရခိုင်တိုင်းရင်းသားများ၏ တစ်ပိုင်တစ်နိုင် ရေလုပ်ငန်း ပြန်လည်ဖွံ့ဖြိုးတိုးတက်လာရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ သက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့များ၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့နှင့် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးကော်မတီတို့မှ အချိန်ပြည့်စောင့်ကျပ် စစ်ဆေးတားဆီးမှုများ ဆောင်ရွက်ခြင်း၊ ပညာပေးဟောပြောမှုများ ဆောင်ရွက်ပေးခြင်းတို့ဖြင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော မြန်မာ့ပိုင်နက်ပင်လယ်နှင့် ပင်လယ်ဇုန်များ ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းကို အသိပေး တင်ပြခြင်း**

**အချိန်၊ ၁၁း၁၁။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ မြန်မာ့ပိုင်နက် ပင်လယ်နှင့် ပင်လယ်ဇုန်များ ဥပဒေကြမ်းကို ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး အဌမနေ့ ၄-၈-၂၀၁၆ ရက်နေ့တွင် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက အဆိုတင်သွင်းပြီး ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၂၁)ရက်မြောက် ၂၆-၈-၂၀၁၆ ရက်နေ့တွင် ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။

ယခု အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားတဲ့ မြန်မာ့ပိုင်နက် ပင်လယ်နှင့် ပင်လယ်ဇုန်များ ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာပါတယ်။ ပြည်သူ့လွှတ်တော်က ပေးပို့သော ပြင်ဆင်ချက်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင် ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော မြန်မာ့ပိုင်နက် ပင်လယ်နှင့် ပင်လယ်ဇုန်များ ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း**

**အချိန်၊ ၁၁း၁၂။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၇)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်က ပေးပို့လာသော ပြင်ဆင်ချက်ကို ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက ပြင်ဆင်လိုသည့်အပိုဒ်၊ အပိုဒ်ခွဲအလိုက် အသေးစိတ် ဖော်ပြ လက်မှတ်ရေးထိုးပြီး ၂၅-၁၁-၂၀၁၆ ရက် (သောကြာနေ့) ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ် ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး စတုတ္ထနေ့ ရပ်နားကြောင်းနှင့် ပဉ္စမနေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၁း၁၃။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၈) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၂၂ ရက် (အင်္ဂါနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ၁၁း၁၃ နာရီအချိန်တွင် ရပ်နားပါသည်။]